

လုံးချင်းဝတ္ထုသစ်
ပန်းတွေသီရင်းစောင့်နေမယ်
ပန်းချီသိန်းရွှေကြည်

(၁)

အကယ်၍ သာ ရိုးတံနီနီကလေးနှင့် နူးညံ့သော ပွင့်လွှာဖြူလေးများကို ပိုင်ဆိုင်သော ဆိတ်ဖလူးပန်းကလေးများကသာ ကစကားပြောတတ်ပါလျှင်…၊ မေမေရယ်… ဖေဖေရယ်… တူးတူးရယ်… ဘယ်မှာ ရှိသလဲဆိုတာ ပြောပေးကြမှာ ပါ…။ ခုတော့ မွှေးရနံ့သာရှိပြီး စကားမပြောတတ်တဲ့ ပန်းကလေးတွေနဲ့ ပူစူးတစ်ယောက်တည်း…။

အရင်ကဆိုရင် ပူစူးတို့ ညီအစ်မဟာ ဆိတ်ဖလူးပင်ကြီး အောက်ကို ရောက်တိုင်း အမြဲရန်ဖြစ်နေရတာ…။ ဆိတ်ဖလူးပင်က အပင်သေးသေးလေးနဲ့ ပန်းတွေက အများကြီး… ခွဲချပေးတာတောင် အဝေမတည့်လို့ လုကောက်ရင်း ရန်ဖြစ်ကြသေးတာပဲ…။

အခု ပန်းလုကောက်ယမ့် တူးတူးမရှိတော့ ပန်းမကောက်ချင်တော့ဘူး…။

တူးတူးရယ်… အခုနေများ တူးတူးပြန်လာရင်လေ တူးတူးဆီက ပန်းတွေ လုမကောက်တော့ပါဘူး…။ ပြီးတော့ တူးတူး များများကောက်နိုင်အောင် စူးလေ … မမောတော့ဘဲ အပင်ကို လှုပ်ချပေးမယ်…။ ပန်းတွေ များများကြွေတော့ တူးတူးများများ သိနိုင်မှာ ပေ့ါ။ ပူးစူ မလုတော့ဘူးနော်….။ တူးတူးဆီက ပန်းတွေကို လုလို့ ပူစူးကို စိတ်ဆိုးပြီး ပြန်မလာတာလားဟင်…။

ပြန်လာခဲ့ပါ တူးတူးရယ်.... ပူးစူး လုမကောက်တော့ပါဘူး။ တူးတူး အတွက် ပန်းမိုးရွာချပေးမယ်နော်...။

ဟိုး... အရင်တုန်းကလည်း ပူစူးးပဲ အပင်လှုပ်ပေးနေရတာပဲ။ တူးတူးက ပိန်တာကို အကြောင်းကြပြီး ငါ့မှာ အားမရှိဘူးဆိုပြီး အပင်ကို လှုပ်မချပေးဘူးနော်...။

ပူစူးကတော့ ဆိတ်ဖလူးပင်ကို အားနဲ့ မာန်နဲ့ လှုပ်ချပေးနေတယ်...။ အဲ့ဒီလု လှုပ်ချမှ ပဲ ပန်းတွေဟာ မြေပေါ်ကို မြန်မြန် ရောက်လာတာပေါ့ ...။ ဒါပေမဲ့ စူးရဲ့ လက်တွေ အားကြီးနားတာပဲ။

တူးတူးကတော့ စူးလှုပ်ချပေးတဲ့ ပန်းတွေကို ကြက်ကလေးတွေ အစာကောက်သလို တဆတ်ဆတ်နဲ့ မြန်မြန်ကောက်ပြီး ... ပန်းအများပြိုင်မယ်တဲ့ လေ... ဘယ်လိုပြိုင်ပြိုင် စူးပဲရှုံးမှာ ပါ...။

တူးတူးကတော့ ... စူးလှုပ်ချပေးတဲ့ ပန်းတွေကို ကြက်ကလေးတွေ အစာကောက်သလို တဆတ်ဆတ်နဲ့ မြန်မြန်ကောက်ပြီး ... ပန်းအများပြိုင်မယ်တဲ့ လေ ... ဘယ်လိုပြိုင်ပြိုင် စူးပဲရှုံးမှာ ပါ....။

ရှုံးမဲမဲပြီး တူးတူးကောက်ထားတဲ့ ပန်းတွေကို လုတာပေါ့... တူးတူးကလည်း ပြန်လုရင်းနဲ့ ပန်းတွေ ကြေကုန်ရော...။ ပြီးတော့ နှစ်ယောက်စလုံး ကုတ်ဖဲ့ပြီး ရန်ဖြစ်ရင်းနဲ့ ပန်းတွေ ကြေကုန်ရော...။

တူးတူးက အပင်ကို ကိုင်လှုပ်ဖို့ အားမရှိပေမယ့် ပူစူးကို ကိုင်လှုပ်နိုင်ဖို့ တော့ အားရှိနေပါလား...။ စူးပဲ အမြဲရှုံးနိမ့်ခဲ့ရတယ်...။

'ပူစူး... ပူစူး'

မေမေရဲ့ ဒေါသသံက အနားရောက်လာတော့ ပူစူးဟာ အရိုက်ခံရမှာ စိုးလို့ ကြောက်ပြီး ကြောင်ကြည့်နေတုန်း တူးတူးက မေ

မေ့အနားကို အရင်ပြေးကပ်ပြီး…

'မေမေ… တူးက အကြီးနော်၊ အကြီးကို ပြန်လုပ်တယ်သိလား…။ တူးနာသွားပြီ… စူးကုတ်တာ နာသွားပြီ'

'ဟယ်… ဟုတ်ပ့ါ သွေးတောင် စို့သွားတယ်.. လာစမ်းပူစူး။ နင်က ကိုယ့်အစ်မကို ကြင်ကြင်နာနာ မရှိဘူး။ အစ်မကို ရောဂါသည် ဆိုပြီး အနိုင်ကျင့်လားဟင်… နင်တို့ နှစ်ယောက်က ရိုးရိုးညီအစ်မတောင် မဟုတ်ဘူး ။ အမွှာညီအစ်မဟဲ့… သိရဲ့ လား ။ ချစ်ချစ်ခင်ခင်ကို မရှိဘူး'

မေမေက ပူစူးကို ဒေါကုန်ချပြီးမှ တူးတူးကို တစ်ချက် နှစ်ချက်ပဲ ရိုက်တယ်။ စူး ငိုရှုံ့ပဲတတ်နိုင်တယ်…

တူးတူးက ခန္ဓာကိုယ်သေးလို့ ညှာရမယ်တဲ့ လေ… ။ ဒါဆို သူက ဘာလို့ အကြီးဖြစ်နေရတာလဲ… တကယ်ဆိုရင် စူးက အကြီးဖြစ်သင့်တာပေ့ါ…။ တူးတူးက သိပ်လည်တာပဲ…။ စူးကို နိုင်စားလွန်းတယ်… အဲ့ဒီအခါ တူးတူးကို အရမ်းမုန်းတာပဲ…။ တူးတူးက အနိုင်ကျင့်တာကိုး …။

ပန်းတွေလည်း ကြွေ… လူလည်း နာရတာပေ့ါ….။

အခု…တူးတူးကို ပြန်မလုပ်တော့ပါဘူး… ပန်းတွေလည်း လုမကောက်တော့ပါဘူး… တူးတူးရယ်… ညစူးဆီကို ပြန်လာခဲ့ပါနော်။ တူးတူးကို သိပ်တွေ့ချင်တယ်.. ဘယ်တော့မှ မမုန်းတော့ပါဘူးကွယ်…။

***

‘ဘယ်လိုမှ ပြုပြင်ပြောင်းလဲပြီး ဖန်တီးလို့ မရတော့ဘူး...။ အဖေရယ် အမေရယ်၊ အစ်မရယ်နဲ့ စွန့်ခွာခြင်းခံရတဲ့ ဦးနှောက်က နာကျင်နေရှာတယ်...။ နဂိုကမှ ဉာဏ်ရည်နိမ့်ကျတဲ့ ကလေးတစ်ယောက်ကို မနည်းပုံစံသွင်းယူထားရတာ...’

ဦးထွန်းလှိုင်က စိတ်ညစ်ညူးစွာဖြင့် ညည်းတွားလိုက်သည် ။ အဘွားဒေါ်တင်မေဦးကတော့ တရှုပ်ရှုပ်ငိုကြွေးရုံသာရှိတော့သည် ။ ဘာမျှ မတတ်နိုင်ပေ။

သူကတော့ ဆိတ်ဖလူးပင်အောက်မှာ ထိုင်ရင်း ... ဆိတ်ဖလူးပန်းကလေးများကို ကလေးကစားစရာ ပလတ်စတစ်ခြင်းလေးထဲထည့်ကာ ပါးစပ်က တတွတ်တွတ် ရေရွတ်နေသော ပါးလှပ်လှပ်ဖြူရော်ရော် မိန်းကလေးကို စူးစူးကြည့်နေ၏။

မိန်းကလေး၏ လှုပ်ရှားပုံမှာ စက်ရုပ်တစ်ရုပ်နှင့် တူနေ၏။

‘ဆရာဝန်ကြီးက ဘယ်တော့ပြန်လာမှာ လဲ’

‘ခင်ဗျာ’

ရုတ်တရက် မကြားလိုက်ပေ။ ကိုယ့်ကိုမေးမှန်း သတိထားမိလိုက်သည် ။ ဘာမေးလိုက်မှန်း မသိလိုက်၍ ထပ်မေးလိုက်၏။

‘သြော်... ဆရာဝန်ကြီးက ဟိုမှာ ဘယ်လောက် ကြာကြာနေမှာ လဲ’

‘မကြာပါဘူး... သုံးလေးလပါ’

‘ဟင်’

အဘိုးအဘွားက သက်ပြင်းမောကြီးချလိုက်သည် ။ လှိုင်အဖို့ နှုပ်ဖျို၍ ရုပ်ချောသော ဆရာဝန်ပေါက်စလေးကို ကြည့်ကာ အားမလို အားမရဖြ

စ်နေ၏။

'ဆရာဝန်ကြီးက သူကုသခဲ့တဲ့ လူနာနဲ့ ပတ်သက်ပြီး မှတ်တမ်းအား လုံးကို စာအုပ်ထဲမှာ ရေးမှတ်ထားပါတယ်...'

ရင်ထဲမှ လေပူကို မှုတ်ထုတ်လိုက်၏ ဆရာသမားက ပြည်ပခရီးထွက်နေသဖြင့် ဆရာ့လူနာများကို ဆရာ့ကိုယ်စား ဆက်၍ ကုသပေးရင်းက သူ့အား မယုံကြည်ခြင်း၊ အထင်သေးခြင်းများကို ခံရသဖြင့် သူစိတ်ညစ်နေမိသည် ။ သို့ရာတွင် ထိုပြဿနာမျိုးကို ရင်ဆိုင်ရလိမ့်မည်ဟု ကြိုတင်တွက်ဆထားသောကြောင့် ဆရာ၏ ဆေးကုသမှု မှတ်တမ်းကို အပြန်ပြန်အလှန်လှန်ကြည့်ကာ နည်းနာယူနေရ၏။

'စိတ်ရောဂါရှင်ကို ကိုင်တွယ်ကုသရင်း၊ လူနာနဲ့ အရင်းနှီးမှုယူပြီး လူနာရဲ့ ယုံကြည်မှု၊ အားကိုးမှု၊ ချစ်ခင်မှုကို ခံရအောင် အရင်စည်းရုံးရတယ်ကွ...'

ဆရာကြီး၏ စကားကို ပြန်လည်ကြားယောင်လာကာ... သူ ထိုင်ရာမှ ထလိုက်၏။

'ကျွန်တော်ယ် သူနဲ့ စကားပြောလိုက်ဦးမယ် သူ့နာမည်က'

'ပူစူး'

အဘွားက သူ့မေးထံသွားမည်ကို မနှစ်မြို့သော မျက်လုံးနှင့် ကြည့်နေ၏။ အဘိုးက 'ပူစူး'ဟု မလွှဲမသာသော လေသံနှင့် ပြောလိုက်၏။

ထိုအကြည့်များကို ဥပေက္ခာပြုကာ သူလုပ်ရမည့် အလုပ်ကို စ၍ လုပ်လိုက်သည် ။

လူနာရှင်များ ၏ ယုံကြည်မှုကို မခံယူနိုင်သေးတာကို အပြစ်မတင်ချင်တော့ပေ။ သူကိုယ်တိုင်ကလည်း ခုမှ လုပ်သက်နှစ်နှစ် ကျော်သာရှိ

သေးတာကိုး…။

‘ကိုယ်ကုမယ့်လူနာကို အရင်မေတ္တာပို့၊ နေကောင်းအောင် ကျန်းမာလာအောင် အာရုံစူးစိုက်ပြီး မေတ္တာပို့ပြီးမှ ဆေးကုပါကွယ်…’

အမေက သူ့ဆရာဝန်ဖြစ်ရသည် ကို လွန်စွာအားရကျေနပ်လျက် ချွေးနဲ့စာဖြင့် ခြစ်ခြုတ်ကာ ကျောင်းထားပေးပြီး လူနာကို စေတနာ မေတ္တာထားရန် အမြဲ သွန်သင်ဆုံးမခဲ့ဖူးသည် ။

‘မယ်စောရေ…. ပူစူးသွားနားလိုက်ဦး…’

ဘွားအေ၏ အသံစူးစူးက သူ့နောက်နားမှ ဆောင့်အောင့်၍ လိုက်လာသည် ။

သူကခြံထောင်ရှိ ဆိတ်ဖလူးပန်းပင်အောက်မှာ ထိုင်နေသော ပူစူးရှိရာသို့သာ အာရုံစူးစိုက်၍ ခြေလှမ်းမှန်ဖြင့် လျှောက်လာလိုက်သည် ။

ပူစူးကမူ လက်ဝါးထဲမှ ဆိတ်ဖလူးပန်းကြွေများကို စူးစိုက်စွာ ငုံကြည့်ရင်း လက်ချောင်းလေးများကို အသာအယာလှုပ်ကြည့်ရင်း ဆိတ်ဖလူးပန်းလေးများ ၏ လှုပ်ရှားမှုကို ကြည့်နေသည် ။

ကိုးနာရီအချိန်ဖြစ်သော်လည်း ဆောင်းငွေ့ဝင်စကာလမို့ အေးခြောက်ခြောက်မြောက်လေက ခြံဝင်းထဲမှာ ဝှေ့ဝဲ လာလေသည် ။ နူးညံ့သော ဆိတ်ဖလူးပွင့်ကလေးများကလည်း နွမ်းလျလျဖြစ်နေ၏။ ဆွဲခြင်းသေးသေးလေးထဲမှ ဆိတ်ဖလူးပွင့်များက နွမ်းဖတ်ဖတ်ဖြစ်နေသည် ။

စိတ်နှင့်လူနှင့် တွဲလျက်မနေဘဲ ကင်းကွာပြီး… ခန္ဓာကိုယ်ကို ချန်လှပ်၍ စိတ်က သွားချင်ရာ သွားနေ၏။

အသံမကြားစေရန် တိုးဖွဖွလေးလျှောက်ခါမှ သစ်ရွက်ခြောက်ကို န

င်းမိ၍ အသံမြည်သွားသည် ။

ဆတ်ခနဲ လှမ်းကြည့်လိုက်သည့် အကြည့်က ကြောက်လန့်မှုမရှိတဲ့ အံ့အားသင့်ရုံသာ...။ လူများ နှင့်မစိမ်းသော မိန်းကလေး ဖြစ်၏ ။ သူ့အဘိုးက ပွဲရုံပိုင်ရှင်ကိုး...။

'ပန်းကလေးတွေက သိပ်မွှေးတာပဲနော်'

'ပေးဘူး'

ကလေးငယ်တစ်ယောက်ထံမှ မုန့်တောင်းရာ... ကလေး၏ တုံ့ပြန်မှုမှာ ဟန်ဆောင်၍ 'စားပါဦး' 'ယူပါ' ဟူသော လောကဝတ်မဟုတ်ဘဲ မုန့်၏ အရသာကို နှစ်သက်သောကြောင့် ယူမှာ စိုး၍ နှုတ်ခမ်းချွန်ကာ ရန်လိုစွာဖြင့် နှစ်သက်သောကြောင့် ယူမှာ စိုး၍ ရန်လိုစွာဖြင့် ဟန်ဆောင်မှုကင်းစွာ အားမနာတမ်း တုံ့ပြန်လိုက်၏။

ရင်ထဲ စူးနစ်သွားသည့် အသက်နှစ်ဆယ်မိန်းကလေးက သုံးလေးနှစ်ကလေးအရွယ် အသိစိတ်သာရှိသေးသည် လား။

သို့ရာတွင် မျက်နှာကမူ ကြိုးစားပြုံး၍ ...

'ကိုယ်က ကြည့်ရုံ ကြည့်မှာ ပါ မယူပါဘူး'

'မယူနဲ့ တူးတူးနဲ့ မေမေ့ဖို့ သီနေတာ ဘယ်သူမှ မပေးဘူး'

'မင်းတစ်ယောက်တည်း ပန်းတွေ အများကြီးသီနိုင်လို့ လား'

'အင်း တစ်နေ့လုံးသီတာ'

ဆိတ်ဖလူးပင် သုံးပင်အလယ်မှာ ပန်းများ နှင့် မနိုင်မနင်း ဖြစ်နေသည် ။

'ကိုယ်ဝိုင်းသီပေးရင် ခဏလေးနဲ့ ပြီးမှာ ...'

‘ဘယ်သူ့အတွက် သီပေးမှာ လဲ’

‘တူးတူးအတွက်လေ ပူစူးက မေမေ့အတွက် သီပေးပေ့ါ’

ပူစူးက မျက်တောင်လေး ပုတ်ခတ် ပုတ်ခတ် လုပ်ကာ ခေတ္တမျှ စဉ်းစားလိုက်၏။

‘တကယ် တူးတူးအတွက် သီပေးမှာ လား…’

‘အင်းပေ့ါ ပူစူးတစ်ယောက်တည်း သီရင် ပျင်းစရာကြီး’

‘ဟုတ်တယ်… တူးတူးမရှိတော့ ပူစူးတစ်ယောက်တည်း သိပ်ပျင်းတာပဲ၊ လာ… ဒီမှာ ထိုင်… ရော့ ဒါက တူးတူးအတွက်’

ကြိုးတစ်ချောင်းစီ အပ်တစ်ချောင်းစီ …။ ပန်းများက တစ်ဝက်စီရနေသည် ။

ပြဿနာပဲ။ ပန်းဆိုတာကို မြင်ဖူးပေမယ့် မကိုင်တွယ်ခဲ့ဖူးပေ။ သီတတ်ဖို့ ဝေးစွ။

သို့ရာတွင် ပူစူးသီသလို လိုက်သီနိုင်သဖြင့် ပြေလည်မှုရသွားသည် ။

‘ပြိုင်မလား…. ဘယ်သူ့အရင်ပြီးပြီး’

‘အင်း ပြိုင်မယ် ဘာကြေးလဲ’

ဝမ်းကွဲတူ… တူမငယ်များကို ပိုင်ဆိုင်ထားသူအဖို့ ကလေးများ နှင့် ကစားရာတွင် ရင်းနှီးကျွမ်းဝင်ပြီး ကလေးများ ၏ အလေ့အထနှင့် ကစားနည်းများကို သိနေပြီးသားပင် ဖြစ်သည် ။

‘ဘာကြေးလောင်းမလဲ…. အင်း’

ပူစူး၏ မျက်လုံးလေးက ရွှင်မြူးရိပ်လွှမ်း လာပြီး …. ခေါင်းလေးမော့ကာ ခေတ္တမျှ စဉ်းစားလိုက်၏။

‘နဖူးတစ်ချက်တောက်ကြေး’

‘အေး ကဲ စပြီ’

သူလည်း ကလေးလိုပင် ရွှင်မြူးတက်ကြွစွာဖြင့် စိတ်ရောကိုယ်ပါနှစ်၍ ပန်းပြိုင်သီလိုက်၏။

သူကိုယ်တိုင်ပင် ငယ်ဘဝသို့ ရောက်ရှိသွားပြီ လွတ်လပ်ခြင်း၊ ပျော်ရွှင်ခြင်းနှင့် ပေ့ါပါးသွားသည် ။

ပူစူးကလေးကလည်း ပန်းများကို အလျင်အမြန်ကောက်ပြီး သူ အမြန်ပြီးနိုင်ရေးအတွက် အားထုတ်နေသောကြောင့် သူ့လက်အရှိန်က တဖြည်းဖြည်းလျော့ကာ ပူစူးကို အနိုင်ပေးရန်အတွက် လျော့လိုက်သော်လည်း ပူစူးက သူ့ထက်သာစွာဖြင့် ပန်းများကို လျင်မြန်စွာ သီပြီးသွားပြီ။ သူအလျှော့ပေးသည် ဖြစ်စေ၊ အလျှော့မပေးသည် ဖြစ်စေ ပူစူး၏ ကျွမ်းကျင်မှုကို သူ အရှုံးပေးရသည် ။

‘ပူစူးနိုင်ပြီ… ဦးရှုံးပြီ’

‘ဦး’ဟူသော အခေါ်အဝေါ်ကြောင့် သူတွန့်ခနဲဖြစ်သွားသည် ။

ခေါ်နိုင်သည် ။ ဆယ်နှစ်ကျော်ငယ်သော ပူစူးက သူ့ကို ‘ဦး’ဟု ခေါ်နိုင်သည် ။

သို့ရာတွင် သူက သူ့ကို ပူစူးက သတိထားမိစေရန်အတွက် သူ၏ နာမည်ကို ပြောပြလိုက်သည် ။

‘ကိုယ့်နာမည်က ဒေါက်တာ အောင်ကိုးဝင့်… ခေါ်ချင်သလိုခေါ်ပါ။ နာမည်သိထားရအောင်ပါ…’

‘ဒေါက်တာ အောင်ကိုးဝင့်… အား သိပ်လှတဲ့ နာမည်နဲ့ လူပဲ။ ဘိုးတို့

ဘွားတို့ ဆီကို လာတဲ့ ဧည့်သည် တွေနဲ့ မတူဘူး။ ရှင်းနေတာပဲ ဘာမှ မပါဘူး’

‘ဘုရား’

အလန့်တကြား ဘုရားတကာ ကိုယ့်ကိုကိုယ်ပင် မယုံမလဲနှင့် ငုံ့ကြည့်နေလိုက်၏။ သူ့မှာ အလုပ်များ လွန်း၍ လုံချည် ဝတ်ဖို့ မှာ မေ့နေသလားဟု ....။

မလှမ်းမကမ်းမှာ ရပ်ကြည့်နေသော မယ်စောထံမှ ‘ခစ်’ခနဲ ရယ်သံတစ်ချက်ထွက်လာသည် ။ ပူစူးက မျက်မှောင်ချို၍ မယ်စောကို လှမ်းကြည့်ပြီး...

‘မယ်စော... လာရပ်နေပြန်ပြီလား ... သွား ... သွားစမ်း.... သွားဆို’

မယ်စောကို ခဲနှင့် လှမ်းပေါက်လိုက်၏။

‘ဟေ့ မလုပ်ပါနဲ့ ကွယ် မျက်လုံးတွေ ထိမှန်သွားလိမ့်မယ်’

‘မှန်... မှန်၊ ဒါမှ သူ့မျက်လုံးတွေက စူးကို ပြူးပြီး မကြည့်နိုင်အောင် ကဲ ကဲကွာ’

စူးကို ဆန့်ကျင်ဘက်ပြောမိတာ သူ့အမှားမို့ ကိုယ့်ကိုကိုယ် တိတ်တခိုး အပြစ်တင်လိုက်ရင်း ပူစူးသီထားသော ပန်းကုံးနှင့် သူသီထားသော ပန်းကုံးကို ယှဉ်ကြည့်ရာ ညီတူဖြစ်နေသည် ကို တွေ့လိုက်ရ၏။ ပူစူးက မယ်စောကို ခဲရှာ၍ ပစ်ကောင်းဆဲဖြစ်သည် ။ မယ်စောခမျာ အဘွားက အမိန့်ပေးထားသဖြင့် ပြန်လှည့်မပြေးရဲဘဲ လှည့်ပတ်ရှောင်နေရ၏။

‘ဒီပန်းနှစ်ကုံးဟာ တစ်ညီတည်းပါလား... စူးလေ၊ ကိုယ့်ကို နဖူးတောက်ဖို့ မေ့သွားပြီလား’

‘ဩော်… အင်း ဟုတ်သားပဲ’

ခဲနှင့် ပေါက်နေရာမှ ရပ်တန့်ပြီး သူ့ထံ အာရုံရောက်သွား၏။ သို့ရာတွင် လက်ထဲမှာ ခဲကို ကိုင်ထားဆဲမို့ နဖူးတောက်ရန် ခေါင်းငုံ့ပေးနေသော သူ့ရင်ထဲမှာ တထိတ်ထိတ်နှင့် လက်ထဲတွင် အချိုပန်းကန်လုံး လောက်ရှိသော ကျောက်ခဲနှင့် ထုလောက်လေမလားဟု …။

‘ကဲ အရှုံးသမားအတွက်…’

‘တောက်’

လက်ညှိုးနှင့် တောက်လိုက်သော်လည်း နည်းနည်းနာသွားသည် ။

မယ်စောက သစ်ပင်ကွယ်ကလေးဘေးမှာ ရပ်လျက် ပြုံးတစ် ပြုံးတစ် ချောင်းနေ၏။

မယ်စောအဖြစ်က ရှေ့မှာ ကျား၊ နောက်မှာ ချောက်ဆိုတာထက် ဆိုးနေသည် ။

‘ပူစူး ပန်းအစောကြီးသီပေးပြီးပြီ။ ဘာလုပ်မလဲ’

‘မေမေနဲ့ တူးတူးကို သွားပေးမယ် ပြီးရင် ဆော့မယ်လေ’

‘ဆော့မယ်…. ဘယ်သူနဲ့ ဆော့မှာ လဲ။ တစ်ယောက်တည်းလား’

‘အောင်ကိုး… ကိုးကိုးနဲ့ ဆော့မယ်လေ… စူးတို့ တွေဟာ သူငယ်ချင်းဖြစ်သွားပြီလေ… စူးနဲ့ ကိုးကိုးနဲ့ ဆော့မယ်လေ… နော်’

‘သေဟ’

လူနာများ နှင့် ဆေးရုံ အချိန်ကို အပြေးအလွှား စဉ်းစားလိုက်သည် ။ နိုက်ဂျူတီ ညခုနစ်နာရီ ဝင်ရမှာ မို့ သည် နေ့ လူနာများ ထဲ လိုက်ကြည့် ရန်နှင့် နေ့လယ် အနားယူအိပ်စက်ရန် ဖြစ်သည် ။

ပူစူးအတွက် တစ်နေ့လုံး အချိန်ပေးနိုင်ပါသည် ။ သို့သော်... နေ့စဉ် အချိန်မပေးနိုင်လျှင် ပူစူးစိတ်ထဲ ကသိကအောက် ဖြစ်နေလိမ့်မည်။

'အင်း... ခဏာတော့ကစားလို့ ရမယ် အကြာကြီးတော့ မရဘူး'

'ဘာဖြစ်လို့ '

'ကိုးကိုးအမေ ရိုက်မှာ စိုးလို့ ပေါ့'

ပူစူးခေါ်သော ကိုးကိုးဟူသော အခေါ်အဝေါ်လေးကို သဘောကျနှစ်သက်သွားသောကြောင့် ကိုယ့်ကိုကိုယ်ပင် နာမ်စားသုံးလိုက်သည် ။

ပူစူးက တွေတွေလေးစဉ်းစားပြီးမှ ....

'အင်း လူကြီးတွေက ဘာလို့ များ ရိုက်ချင်နေရပါလိမ့်။ လူငယ်တွေကျတော့ သူတို့ ကို မရိုက်ချင်ဘူးနော်'

ပူစူးစကားကို မရယ်မိအောင် ထိန်းလိုက်ရင်း  ခေါင်းညိတ်လိုက်၏။

'အင်း ကလေးတွေက လိမ္မာလို့ ပေါ့'

'ဟုတ်တယ်... ကလေးတွေက လိမ္မာတယ် လောဘမကြီးဘူး၊ ဘိုးတို့ ဘွားတို့  သိပ်လောဘကြီးတာ... အမြဲတမ်း ငွေကိုပဲ ရေတွက်နေကြတာ..။ ဘိုးကဆို ပေသီးသိပ်ခေါက်တာပဲ'

'ပေသီးခေါက်တာက ဆော့တာပေါ့'

' မဟုတ်ဘူး ။ ငွေရေနေတာလေ ညတိုင်းပဲ'

ပူစူး၏ စကားကြောင့် 'မဆိုးဘူး'ဟု မှတ်ချက်ချလိုက်မိသည် ။

ဆရာကြီး ဆေးစာအုပ်ထဲမှာ လို သူ့ထက် ၄ မိနစ်ကြီးသော အစ်မပူတူး၏ ဉာဏ်ရည်ကိုမမီ...။ အစ်မပူတူးထက် ၄ နှစ်လောက်ကွာပြီး ဉာဏ်ရည်နိမ့်နေ၏ ဟူသော မှတ်ချက်ကို လက်မခံချင်တော့ပေ။

‘ဘိုးတို့ က အသက်ကြီးပြီ။ အလုပ်လုပ်နေတာပဲလား ပူစူး’

‘အင်း လုပ်နေတာပဲ။ မသေမချင်းလုပ်နေကြမှာ ပဲ။ အဘိုးဆီက ငွေရမယ် ကားနဲ့ သွားမယ် အပြင်ထွက်မယ်လေ ဘွားဘွားက ငွေသိမ်းမယ် … ရွှေဝယ်မယ်၊ အဝတ်ဝတ်မယ်၊ နှုတ်ခမ်းနီ မိတ်ကပ်ဝယ်မယ် ဒါပဲလေ’

ပူစူးစကားကြောင့် အရွယ်နှင့် မလိုက်အောင် ခေတ်ဆန်စွာ ဝတ်စားထားသော အသက် ၆၀ ကျော် အမျိုးသမီးကြီး၏ ပုံရိပ်ကို မြင်ယောင်လာလေသည် ။ နှုတ်ခမ်းထောင့်စွန်းတွင် မကျေနပ်ရိပ်များ စုပြုံနေသည် မှာ တွေ့လိုက်ရ၏။

ပူစူးသည် မိခင်နှင့် အစ်မတူးတူးကလွဲ၍ အဘိုးအဘွားကို မကျေနပ်နေသူပင် ဖြစ်၏။

‘ကဲ ကိုးကိုးတို့ ကစားမယ်… ဘာတမ်းကစားမှာ လဲ၊ စူး… တော်ကြာ ထမင်းစားချိန်ရောက်ရင် အမေက လိုက်ရှာနေမှာ ’

သူ့ကိုယ်သူ ပူစူးနှင့် ရွယ်တူလုပ်လိုက်၏။ ပူစူးက မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး…

‘ကုလားမစည်း ကစားမယ်လေ… မကစားရတာ ကြာပြီပဲ’

‘ကုလားမစည်း’

ရင်တထိတ်ထိတ်နှင့် ပူစူး၏ ကစားနည်းကို သူ မကစားတတ်ပေ။

သို့ရာတွင် မီးကြည့်ကရသော ခုနစ်ထွေမင်းသားဟု ခံယူထားသော သူ့အဖို့ ပူစူးလုပ်သလို လိုက်လုပ်ရသည် ။ အမှားမှား အယွင်းယွင်းနှင့် ပူစူးက အနိုင်ပွဲရသောကြောင့် တပြုံးပြုံးဖြစ်နေသည် ။

‘ကိုးကိုးအိမ်က ဘယ်မှာ လဲ’

‘အဝေးကြီးမှာ ’

‘စူးလည်း လိုက်မယ်လေ’

‘နောက်နေ့မှ လိုက်’

‘တကယ်လား။ မနက်ဖြန် ကိုးကိုးလာမှာ လား’

‘အင်း’

‘ဒါဆို စူး အပင်လှူပ်မချသေးဘူး။ ပန်းလည်း မကောက်သေးဘူး’

‘ဘာလို့ လဲ’

‘ကိုးကိုးလာမှ လုကောက်မလို့ လေ’

‘အင်း ကောက်တာပေ့ါ။ကဲလာ.. စူးလေး အိမ်ထဲဝင်၊ ပြီးတော့ မနက်စာစား.. ပြီးရင် ဆေးသောက်နော်။ ကိုးကိုးနဲ့ ကစားချင်ရင် ကိုးကိုးပြောသလိုလုပ်.... ဒါမှ ကိုးကိုးလာကစားမှာ ’

‘တကယ်နော်’

ပူစူး မျက်လုံးလေးက အဖော်၏ ဆွဲဆောင်မှုနောက်ကို ကြည်နူးစွာ နာခံလျက် လိုက်ပါလောလေသည် ။

***

‘သနားစရာလေးပါလား သားရယ်’

အမေကစုတ်သပ်ကာ ညည်းညူလိုက်သည် ။ မမကြီးက မျက်စောင်းထိုးလျက်...

‘သားငယ်လူနာတွေက အားလုံးသနားစရာတွေနဲ့ ကြောက်စရာတွေချည်းပဲ သားငယ် လည်ပင်းညှစ်ခံရမှာ မကြောက်ဘူးလား’

‘မျှား သောအားဖြင့် ဆရာဝန်တွေ သူနာပြုတွေကို အန္တရာယ်ပြုခဲ့ပါတယ်။ ဒီဆေးရုံမှာ အလုပ်လာလုပ်တာ ... နားလည်မှုရှိသူတွေမှ လုပ်တာပဲလေ။ စေတနာ မေတ္တာပေ့ါ မေမေကြီးရယ်’

မမကြီးက သက်ပြင်းရှည်ကြီးချလိုက်သည် ။

သူတို့ သားအမိနှစ်ယောက်၏ ကြင်နာစိတ်၊ သည်းခံစိတ်ကိုတော့ မမကြီးလက်လျှော့အရှုံးပေးစရာပင်ဖြစ်သည် ။

မောင် ဆရာဝန်ဖြစ်၍ ဆေးခန်းထိုင်ကာ ငွေသိမ်းရမလားဟု စိတ်ကူးယဉ်နေသူအဖို့ စိတမရှည်ချင်စရာပင်ဖြစ်သည် ။

မိခင်ကလည်း မုဆိုးမဘဝနှင့်သားကို ပြုစုကျွေးမွေး လာပြီး ဆရာဝန်ဖြစ်အောင်အထိ ခါးချိအောင် စက်ချုပ်လာခဲ့ရသည် ။ မမကြီးကိုယ်တိုင်ကလည်း မိခင်နှင့်အတူ မိခင်နှင့်အတူ စက်ဝိုင်းချုပ်ရင်းက ချွေတာစုဆောင်း၍ မောင်ဆရာဝန်အဖြစ်လည်း ရည်မှန်းခဲ့သည် ။

မောင်လေး ဆရာဝန်ဖြစ်လျှင် စက်မချုပ်တော့ဟူ၍ အားခဲပြီးမှ ယခု စက်ချုပ်နေရဆဲအခြေအနေကို မကျေမနပ်ဖြစ်နေမိသည် ။

'ကြံကြံဖန်ဖန်.. အရူးတွေကိုမှ ကုပေးရတဲ့ ဆရာဝန်များ လုပ်ရတယ်လို့ လေ'

'သားက ဆရာကို သိပ်လေးစားတာ၊ ဆရာ့အလုပ်ကိုလည်း လေးစားတယ်။ အဲဒါကြောင့် သူ့လည်း ဆရာ့နားက မခွာနိုင်ဖြစ်ရတာပေါ့'

ထိုသားအမိနှင့် အတိုက်အခံ မပြောတော့ပေ။ ပြောလျှင် အပျိုကြီးပီပီ အကြင်နာတရားမဲ့သည် ဟု အမေက ဆူဦးမည်။

'အမေရာ... အဲ့ဒီ ပူစူးကိုသနားလို့ သာ ဆက်ကုနေရတာ၊ သူ့အဘိုးအဘွားက တစ်မျိုးပဲ... သားကိုသိပ်မလိုလားသလိုပဲ'

နားစွန်နားဖျားကြားလိုက်ရသည် မို့ စက်နင်းရင်းက နားစွင့်မိသည်။

'ဘယ်လိုတစ်မျိုးပဲလဲ သားရဲ့ '

'မသိဘူး ငွေကြေးသိပ်ချမ်းသာနေတော့ ဆရာဝန်ဆိုတာ ငွေပေးခေါ်လို့ ရရင် ပြီးရော သဘောထားလိုက်တာပဲ၊ ဆရာ့လူနာမို့သာ ဆက်ကြည့်နေရတာ၊ စိတ်ထဲမှာ လေးနေသလိုပဲ။ မလုပ်ချင်ဘူး.. ဆရာကလည်း ပူစူးနေကောင်းရဲ့ လားလို့ ဖုန်းထဲမှာ တောင် လှမ်းမေးနေသေးတယ်။ ပူစူးကတော့ တကယ့်ကို ကလေးစိတ်ကလေးနဲ့ အပြစ်ကင်းပါတယ်'

'အင်းလေ အခြေအနေကို ဆက်လေ့လာကြည့်ပြီးမှ ဆုံးဖြတ်ပေါ့ သားရယ်။ မေတ္တာရှေ့ထားရင်တော့ အရာရာကို အောင်နိုင်သွားမှာ ပါ'

'ဟင်း'

အကြီးမက မကျေမနပ်နှင့် သက်ပြင်းရှည်ကြီးကို အသံကြားအောင် ကျယ်ကျယ်ချလိုက်ပြီး စက်ချုပ်သံကို တဂျုန်းဂျုန်းနှင့် အားပါးတရနင်းပစ်လိုက်သည် ။

အောင်ကိုးဝင့်တို့ သားအမိနှစ်ယောက်၏ မျက်လုံးအကြည့်က သူမ ထံရောက်သွားသည် ။

သူတို့ က အကြောင်းသိမို့ ဆက်မပြောကြတော့ပေ။ ဆေးခန်းဖွင့်ပြီး ငွေသိမ်းချင်သော သမီးကြီး၏ အလိုဆန္ဒမပြည့်ဝမှုကို ဥပေက္ခာပြုထား လိုက်၏။

'ဘယ်လိုလဲ သား…။ သားရဲ့ ဆေးခန်းကိစ္စကို'

'ဆရာလာမှ ပဲ စီစဉ်တော့မယ်… အခုလောလောဆယ်တော့ မွေးဝ တ်မှုန်နဲ့ သားကတော့ ဆရာ့ကိုပဲ စောင့်ပြီး ဆရာ့လူနာတွေကို လိုက်ကြ ည့်ပေးနေရတာပဲပေါ့'

'မွေးဝတ်မှုန်လေးတောင် အိမ်မလာတာ ကြာပြီလေ'

'ဟုတ်တယ်… သူ့အစ်ကို နိုင်ငံခြားသွားဖို့ ကိစ္စကို အလုပ်ရှုပ်နေတာ နဲ့ '

မသက်မသာလေး ပြောလိုက်၏။ မိခင်ကို ဖုံးကွယ်လိုက်သော်လည်း ရင်ထဲမှာ နွမ်းလျနေသည် ။

ပြောပြီးအောက်ဆင်းကာ ရေပုံးကိုဆွဲကိုင်၏။ မျက်စိလျင်သော အစ် မကြီးက..

'ဟဲ့ မောင်လေး… ရေစည်ထဲမှာ ရေရှိတယ်လေ… ချိုး ချိုး'

'ရပါတယ် မမ၊ အညောင်းပြေ တစ်ပုံး နှစ်ပုံးလောက်ပါပဲ'

'သြော် ထားထားပါဆို… ဆရာဝန်တစ်ယောက်လုံးလုပ်ပြီး ရေဆွဲနေ ရတာ မကောင်းပါဘူး သြော် ကြည့် ဒီကလေး ခေါင်းကြောသိပ်မာပါ လား'

အစ်မက တဖျစ်တောက်တောက်ပြောကာ ကျန်ရစ်ခဲ့သည် ။ သူ အစ်မစကားကို ဥပေက္ခာပြုပေါင်း များ လှပြီမို့ စိတ်မကောင်းဖြစ်မိသည် ။

သူ့အတွက် အနစ်နာခံလွန်းသော အစ်မကို တစ်ခုခုပေးဆပ်နိုင်ရန် ကြိုးစားရပေဦးမည်။ သို့ရာတွင် ဘာမှ မပေးဆပ်နိုင်ခင် သူ့ဘဝတစ်ဆစ်ချိုး ပြောင်းလဲသွားမှာ ကို စိုးရိမ်မိ၏။

သူ၏ ဘဝတစ်ဝက်ကို တစ်စုံတစ်ယောက်ကို ခွဲဝေပေးရမည်ကို သူ စိုးရိမ်နေမိသည် ။

သူ့ဘဝတစ်ဝက်ကို အမေနှင့် အစ်မထံသာ ခွဲဝေထားချင်သေးသည် ။

ထို့ကြောင့် သူသည် အချစ်မရှိသော မချစ်တတ်သော အသည်းနှလုံး မပါသော ကျောက်ဆစ်ရုပ်အဖြစ်ဖြင့် သူ့ကိုယ်သူခံယူထားလိုက်သည် ။

နှလုံးသားတံခါးပိတ်၍ အိပ်ပျော်ဟန်ဆောင်နေလိုက်သည် ။

ရွှေမှုန်စား၍ မွေး လာပြီး မွေးပျံ့သော ပန်းပေါင်းရည်နှင့် ရေချိုးလာကာ လောကပတ်ဝန်းကျင်တစ်ခုလုံးက ဦးစားပေးခံရသော မွေးဝတ်မှုန်ဟူသော၊ လှသော၊ ချောသော ... ချမ်းသာကြွယ်ဝသော ဂုဏ်ရှိသော... ပညာထူးချွန်သော ထိုမိန်းကလေးကို ဥပေက္ခာပြုနေရသည် မှာ သူ့ရင်ကို ဆတ်ဆတ်ခါနာကျင်လွန်းလှသည် ။

ထို့အပြင် ဆင်းရဲချမ်းသာမရွေးဘဲ မျိုးရိုးကောင်းပြီး ရိုးသား၍ ကြိုးစားသော သမက်လောင်းကိုမှ လိုချင်သည့် မွေးဝတ်မှုန်၏ မိဘများကလည်း သူ့ကို ဦးစားပေးကြသည် ။

မွေးဝတ်မှုန်ကိုယ်တိုင်ကလည်း မိန်းကလေးက စ ရမှာ လားရှင် ဇာတ်လမ်းကို ကပြသော်လည်း သူရှောင်လွှဲနေနိုင်ခဲ့သည် ။

သူ့အစ်မ၏ ရည်မှန်းချက်ကလေးကို ပြည့်အောင်ဖြည့်ချင်သေးသည် ။ အပျိုဘဝနှင့် လုလုပပ မဝတ်စားရဘဲ သူ့အတွက် အနစ်နာခံလွန်းလှသော အစ်မအတွက် နှစ်ပေါင်းများ စွာ နားပေါက်ဟောင်းလောင်းနှင့် နေခဲ့ရသည် ကို သူ မကြည့်ရက်နိုင်...။ အနည်းဆုံးတော့ မမကြီးမွေးနေ့မှာ နားကပ်ကလေးတော့ ပန်ပေးနိုင်အောင် ကြိုးစားရပေဦးမည်။

'တီ... တီ...တီ'

'ဘယ်လိုလဲ ဆရာကြီး ကိုယ်တိုင်ရေထမ်းလို့ ပါလား'

ကားကို သူ့ဘေးနားထိုးရပ်၍ အသံပေးလိုက်သောကြောင့် ရုတ်တရက်မို့ လန့်သွားသည် ။ ငွေရောင်ဘော်ဘိုကားကြီးက သူတို့ လမ်းစုတ်လေးထဲသို့ ဝင်လာသည် မှာ နှစ်ကြိမ်တိတိရှိနေလေပြီ။

'မမက ဒီလောက်အလုပ်များ နေတာ ကိုယ် မချိုးရက်ပါဘူး မှုန်ရာ'

'ရေဝယ်သုံးပေါ့ အောင်ရာ...။ အဲဒီလောက်ကြီး ချွေတာမနေပါနဲ့ '

'ဩော် ကိုယ်ငယ်ငယ်ကတည်းက ထမ်းလာတာပဲ။ ကျန်းမာရေးနဲ့လည်း ညီတာပေါ့။ ကဲ မှုန် အိမ်ထဲဝင်နှင့်လေ၊ ခုနကပဲ မေမေက မှုန်မလာတာကြာလို့ ကိုယ့်ကို မေးနေသေးတယ်'

'အင်း အကြီးက မေးတယ်...။ နင်ကတော့ ငါ့ကို မေးဖော်တောင် မရဘူး မဟုတ်လား။ ဖုန်းတောင် မဆက်ဘူးနော်'

'နင် အလုပ်များ နေမှန်း မသိလို့ ပါဟာ... ကဲ နောက်မှ ရန်တွေ့... နင့်ကားကြီးက လမ်းပိတ်နေပြီဟ။ ငါဒီတစ်ခေါက်ပြီးရင် လာခဲ့မယ်'

သူငယ်ချင်းအဆင့်ထက် မပိုချင်၍ ရှောင်ဖယ်နေသည် ကို မသိစေချင်သေး...။ မွေးဝတ်မှုန် စိတ်မကောင်း ဖြစ်သွားမှာ စိုးမိသည် ။

‘အင်း … နင်ပျောက်နေတဲ့ အကြောင်းကို ဆင်ခြေပေးဖို့ စဉ်းစားလာခဲ့နော်’

ထမ်းပိုးကိုယူကာ လှည့်ထွက်လာရင်း လက်ပြလိုက်သည် ။ လက်သာပြလိုက်သည် ။ မျက်နှာကတော့ မလှည့်ဘဲ အိမ်နှင့် ကိုက် ၅၀၀ ခန့် ဝေးသော ရေတိုင်လေးဆီသို့ ဦးတည် လာလေသည် ။

ရေတစ်စည် ၃၅ ကျပ်မို့ ရေနှစ်စည်နီးပါးကုန်သော သူတို့ အိမ်အတွက် ရေခပ်နိုင်လျှင် အသက်သာဆုံး ဖြစ်၏။

ထို့ကြောင့် မွှေးဝတ်မှုန်လာသည် ဖြစ်စေ မလာသည် ဖြစ်စေ၊ မမကြီးနှင့် မေမေတို့ ၏ အော်သံကို ဥပေက္ခာပြု၍ ရေတစ်စည်ပြည့်အောင်တော့ ရေခပ်ထည့်ရပေဦးမည်။

ငယ်စဉ်ကတည်းက သူငယ်ချင်းဖြစ်ခဲ့သော မွှေးဝတ်မှုန်သည် သူတို့အိမ်သားများ နှင့် ရင်းနှီးကာ စားအိမ်သောက်အိမ်ဖြစ်နေသည် မို့… မွှေးဝတ်မှုန်လာလျှင် ဧည့်ဝတ်ပြုမနေတော့ပေ။ မမကြီးနှင့် မေမေတို့ က တာဝန်ကျေသော အိမ်ရှင်များ ဖြစ်၏။

အထူးသဖြင့် မွှေးဝတ်မှုန်အပေါ်တွင် ပို၍ တာဝန်ကျေလျက်ရှိသည် ။

‘ဟော့… ရေတစ်စည်လုံးခပ်နေပြန်ပြီ… ဒီမှာ မှုန်လေးရောက်နေတယ်လေ’

‘ပြီးခါနီးနေပါပြီ မမကြီးရာ… ရေပါတစ်ခါတည်း ချိုးမလို့ လေ’

‘ချိုးပါတော့ မောင်လေးရာ မမကြီး ခပ်ပါ့မယ် …။ မမကြီးလည်း ရေချိုးရဦးမယ်’

မောင်ဆရာဝန်ကို ရေမခပ်ခိုင်းရက်သော မမကြီး၏ စကားကို ဥပေ

ကွာပြုကာ...

'ကျွန်တော်ချိုးဖို့ တစ်ခေါက်လောက်ခပ်ပြီးရင် တော်ပါပြီ...'

'တစ်ခေါက်... တစ်ခေါက်နဲ့ မပြီးတော့ဘူး'

မမကြီး၏ စေတနာဆူပွက်သံကို ဥပေက္ခာပြုပြီး ရေတစ်စည်တော့ ပြည့်အောင်ခပ်လိုက်၏။

နေ့စဉ် ရေတစ်စည်ခပ်နိုင်အောင် ကြိုးစားခဲ့သည် မှာ ငယ်စဉ်အရွယ်ရောက်လာကတည်းကပင် ဖြစ်၏။ သူ့အဖို့ စာမေးပွဲဖြေနေရသည်ကိုပင် ကျန်းမာရေးအတွက် ရေခပ်မပျက်ပေ။ အစ်မနှင့် အမေအား ငဲ့ညှာလျက် တတ်နိုင်သမျှ ဝိုင်းကူပေးရန် ဆုံးဖြတ်ထားခဲ့သည် ။ မွေးဝတ်မှုန်ကြောင့်တော့ ရည်ရွယ်ချက်ကို အပျက်မခံနိုင်ပေ။

'သား... တော်ပြီလေ...'

'ဟုတ်ကဲ့ မေမေ။ ပြီးပါပြီ၊ ရေချိုးတော့မယ်'

အစ်မရော အမေရော တိတ်တခိုးလာသတိပေးမှ သူလည်း နောက်ဆုံးတစ်ပုံးကို ခပ်ဖြည့်လိုက်၏။

'မှုန်က ပြန်တော့မလို့ တဲ့ '

'ဆွဲထားလိုက်ပါဦး မမကြီး။ သူ့ကို ပြောစရာရှိလို့ '

'နင်က မြန်မြန်လုပ် သိပ်ကြီးကျယ်တာပဲ'

မောင်လေး မောင်လေးနှင့် ချော့နေရသည် ကို စိတ်မရှည်တော့သဖြင့် မျက်စောင်းခဲကာ ဆူပူပြီး ထွက်သွားပြန်၏။

သူကပြုံးလိုက်ရင်း ကြည်ကြည်နူးနူးလေး လေချွန်ကာ ရေမြန်မြန်ချိုးလိုက်သည် ။

သူတို့ အရိပ်ကလေး၏ အေးမြမှု၊ ပျော်ရွှင်မှုကို ဘာနှင့်မျှ မလဲနိုင်ပေ ။ မိသားစုသုံးယောက်မှာ စည်လုံးချစ်ခင်ကြပြီး ကြွေးမြီကင်းရှင်းစွာဖြင့် ရသမျှနှင့် ရောင့်ရဲတင်းတိမ်ပြီး ကျစ်လျစ်စွာ နေနိုင်ခဲ့သည် ။ သို့ရာတွင် သူနှင့် မေမေကတော့ စေတနာကို အဓိကနေရာထားပြီး မေတ္တာဖြင့် ဆေးကုသနိုင်ရန် ရည်ရွယ်ခဲ့သော်လည်း ... မမကြီးကမူ ချုပ်တည်းမှု၊ တင်းတိမ်ရောင့်ရဲမှု၊ ညှာတာမှုများ နှင့် ကြီးပြင်းလာရသဖြင့် ဝတ်ချင် စားချင်စိတ်ကို မျိုသိပ်ခဲ့ရသောကြောင့် မောင်ဆရာဝန်ဖြစ်မှ မတင်းတိမ်နိုင်တော့ဘဲ ချမ်းသာကြွယ်ဝစွာနေလိုသည် ။ မမကြီး၏ ဆန္ဒကို ဖြည့်နိုင်ရန်အတွက် လခထဲမှ အဝတ်အထည်အသုံးအဆောင်များကို တစ်စုံ တစ်စုံ ဝယ်လာတတ်သည် ။

မိန်းမအသုံးအဆောင်ဝယ်ရန်အတွက် မွှေးဝတ်မှုန်ကိုသာ အားကိုးနေရ၏။

'သားရယ်... ကြာလိုက်တာ။ မှုန်လေးကို အားနာစရာကောင်းနေပြီ'

အဝတ်လဲပြီးထွက်လာသော သူ့ကို မေမေက ညင်သာစွာ အပြစ်တင်လုက်၏။

'မှုန်ဟာ သူစိမ်းမှ မဟုတ်တာမေမေရာ...။ မေမေတို့ နဲ့ စကားပြောနေတာပဲ။ ကဲ မှုန် တို့ အပြင်သွားရအောင်။ မင်းကို လူနာတစ်ယောက် လွှဲစရာရှိလို့ '

မွှေးဝတ်မှုန်သင်ပေးထား၍ ကားမောင်းတတ်နေသဖြင့် မွှေးဝတ်မှုန်နှင့်သွားလျှင် သာကားမောင်း တာဝန်ယူရမှ ကျေနပ်နိုင်သည် ။ မွှေးဝတ်မှုန်၏ ကားဖြစ်သော်လည်း အေးငြိမ်းစွာဖြင့် ထိုင်မလိုက်ချင်ပေ။

ထို့ကြောင့် သူ့ရင်ထဲ၌ မတင်မကျဖြစ်နေသော ပူစူးကိစ္စကို ဖြေရှင်းနိုင်ရန်အတွက် မွှေးဝတ်မှုန်အား အကူအညီတောင်းမိသည် ။

'အဲ့ဒါ မှုန်တို့ နဲ့ ညီအစ်မတော်တယ်လေ၊ သူ့အဘိုး အဘွားကို မကြို က်လို့ မှုန်မသွားတာ လေးငါးနှစ်ရှိပြီ။ ပုစုး မိဘ ဆုံးသွားပြီးကတည်းက ပေါ့...။ နောက် အမြွှာ ညီအစ်မမှာ တစ်ယောက်ဆုံးသွားတုန်းက သတ င်းပဲကြားရတယ် ။ စာမေးပွဲဖြေနေလို့ လား မသိဘူး မရောက်ဖြစ်တော့ ဘူး'

'ဒါဆို အတော်ပဲပေါ့။ ဆရာမလာခင်ထိတော့ မှုန်ပဲ တာဝန်ယူလိုက် ပါ..'

သူက ဝမ်းသာအားရနှင့် ပုစုးအား လွှဲပြောင်းကုသပေးရန် တောင်း ဆိုလိုက်၏။

'နိုး နိုး နိုး ဒီ့အပြင်ကိစ္စဆို ကူညီနိုင်မယ်..။ အဲဒီ ဒေါ်တင်မေဦးတို့ မိ သားစုနဲ့ ပတ်သက်ရင်တော့ မကူညီနိုင်ဘူး..။ သူ့ယောကျာ်းကြီးက ပိုဆိုး တယ်။ ငွေကိုပဲ လောဘကြီးရှာနေတာ။ ဒီမြေးတောင် မလွှဲသာလို့ ပြန် ခေါ်လာတာ။ သေသွားတာ အငယ်လား အကြီးလားမသိဘူး။ သူ့သားက ဘာလို့ ပျောက်သွားသလဲ မသိဘူး။ သူ့သားလည်း ပျောက်၊ ချွေးမကလ ည်း သေသွားတော့မှ လက်ကျန်မြေးတစ်ယောက်က သူတို့ ဆီကို ရော က်လာတာ၊ မှုန်နဲ့ က နှစ်ဝမ်းကွဲတော်တာပေါ့၊ မှုန့်အဘိုးက အဘွား လေ၊ ဒေါ်တင်မေဦးနဲ့ တစ်ဝမ်းကွဲတော်စပ်တယ်လေ...'

'ကိုယ့်အမျိုးတွေပဲ၊ ဘာလို့ ဆေးမကုပေးချင်ရတာလဲမှုန်ရယ်၊ မိန်းမ အချင်းချင်းဆိုတော့ ပိုကောင်းတာပေါ့'

မွှေးဝတ်မှုန်က အောက်နှုတ်ခမ်းကို ဖိကိုက်ထားရင်း လေးတွဲ့စွာ ခေါင်းယမ်းလိုက်မိ၏။

သူမအား အပြင်ခေါ်ထုတ်ပြီး လူနာဆွေမျိုးအကြောင်းကို လာပြော

သဖြင့် စောစောက ကြည်နူးစိတ်များ ပျောက်ကွယ်သွားခဲ့သည် ။

ထို့အပြင်… သူမတို့ မိသားစုထက် ချမ်းသာကြွယ်ဝပြီး ငွေဂုဏ်မောက်နေသော အဘွားလေး၏ အခစား ဆရာဝန်အဖြစ်ဖြင့် မသွားချင်ပေ။

'အောင်ပဲ သွားလိုက်ပါကွယ်..။ ကိုယ့်ကို မလွှဲပေးပါနဲ့ …။ လိုအပ်ရင် အောင်နဲ့ အတူ လိုက်ပ့ါမယ်..။ သူတို့ ဆီတော့ မှူန်တာဝန်တစ်ခုအနေနဲ့ မသွားချင်ဘူး။ အောင်နဲ့ အတူတစ်ခါတလေတော့ လိုက်ပေးပ့ါမယ်။ ဒါပေမဲ့ အောင်ရေ… သူတို့ က ပညာကို သိပ်အလေးမထားဘူး။ ငွေရှိရင် အရာရာကို ဝယ်ယူနိုင်တယ်လို့ ခံယူထားတဲ့ လူမျိုးတွေဆိုတော့ နည်းနည်းမှ အောက်ကျမခံနဲ့ နော် အနှိမ်လည်း မခံနဲ့ ၊ ကိုယ့်ကို ချိုးနှိမ်ရင် ထွက်သွားလိုက်ပေ့ါ…'

မွေးဝတ်မှုန်က မျက်နှာရဲရဲ လေသံစွာစွာနှင့် ပြောလိုက်သောကြောင့် သူဆက်မပြောလိုတော့ပေ။

သို့ရာတွင် မွေးဝတ်မှုန် ထိုကဲ့သို့ ငြင်းဆန်လိုက်သောကြောင့် နောင်တစ်ချိန်တွင် နောင်တရလိမ့်မည်ဟု လုံးဝ မထင်မှတ်ခဲ့ပေ။ တွေးပင် မတွေးမိခဲ့…။

***